အူကြောင်ကြောင်ဖြင့် ရှိနေ၏။

ဆရာဝန်ကြီးက လက်ထဲမှ စာရွက်တစ်ရွက်ကို ဟာကြူလီလက်တွင်းသို့ထည့်ပြီး

"မောင်မင်းကို ဟောဒီဘွတ်ဖိနပ်နဲ့ နောက်တစ်ချက် ထပ်ပေါက်ဖို့ကောင်းတယ်"

ဟု ရေရွတ်ကာ ဂိုထောင်ထဲမှ ကားကိုထုတ်၍ ပုလိပ်ဌာနဘက်သို့ ဦးတည်ထွက်ခွာသွားတော့၏။

ဆရာဝန်ကြီးက ဟာကြူလီ၏ အိပ်မက် ကောင်းခန်းရောက်မှ ကျောကိုဘွတ်ဖိနပ်စာကျွေး၍ နှိုးလိုက်ခြင်း ဖြစ်၏။

ဟာကြူလီသည် မျက်လုံးကလယ်ကလယ်ဖြင့် အတန်ကြာရှိနေရာမှ လက်ထဲတွင် ဆုပ်ကိုင်ထားသော စာရွက်ကို ကြည့်လိုက်မိ၏။

"မိုင်ဒီးယား ဒေါက်တာဗစ်တာနှင့် ဟာကြူလီ၊ ပထမဦးဆုံး ကျုပ်တို့အားလုံးကို ကောင်းကောင်း မွန်မွန် စောင့်ရှောက်ခဲ့တဲ့ အတွက် ကျေးဇူးအများကြီးတင်ကြောင်း ပြောလိုပါတယ်၊ ဒုတိယအချက်အနေနဲ့ ကုန်ကျစရိတ်အားလုံးကို အလှူပြုတယ်လို့ သဘောထားကြဖို့ ပါပဲ၊ တတိယအနေနဲ့ သင်တို့ က ဗုဒ္ဓဘာသာဝင်တွေမဟုတ်တော့ လှူဒါန်းရတဲ့ ကောင်းမှုကုသိုလ်အကျိုးကို သာဓုခေါ်လို့ မဖြစ်နိုင်တဲ့ အတွက် ဗဲရီးဂွတ် ဗဲရီးဂွတ် ဗဲရီးဂွတ်လို့ သုံးကြိမ်အော်နိုင်ကြောင်း အကြံပေးချင်ပါတယ်၊ စတုတ္ထအနေနဲ့ ဓားဒဏ်ရာရလာတဲ့ လူနာအတွက်လည်း ပူပန်မှုမရှိရအောင် ကျုပ်နဲ့ မိတ်ဆွေရင်းများ ဖြစ်သွားတဲ့ အပိုလူနာ ကိုကြက်တောကိုလည်း တစ်ပါတည်း ကောင်းမွန်စွာစောင့်ရှောက်ဖို့ ခေါ်ဆောင်သွားပါတယ်..... သင်တို့ ပို့သသော မေတ္တာဖြင့်။"

